ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၆/၂၀၁၀)

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး)အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ(ဂ) ကို ပယ်ဖျက်ရမည်။

၃။ လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး)အက်ဥပဒေ ပုဒ်မ ၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**ပုဒ်မ ၂။** အဓိပ္ပာယ်ဖွင့်ဆိုချက် -

(က) **လက်နက်ကိုင်တပ်ပေါင်းစုံ** ဆိုသည်မှာ တပ်မတော်၏ကွပ်ကဲမှုအောက်တွင် ရှိသော နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဆိုသည်။

(ခ) **စစ်ဘက်အာဏာပိုင်** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် သို့မဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိ၏ကိုယ်စား အခွင့်အာဏာ အပ်နှင်းထားသော အရာရှိတစ်ဦးဦးကို ဆိုသည်။

(ဂ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ လက်နက်ကိုင်တပ်ပေါင်းစုံတွင် အမှုထမ်းသော အဆင့်အတန်းအားလုံးကို ဆိုသည်။

၄။ လက်နက်ကိုင်တပ်ပေါင်းစုံ(ပြောင်းရွှေ့ရေး) အက်ဥပဒေ ပုဒ်မ ၃ ၌ပါရှိသော "တပ်သား" ဆိုသည့် စကားရပ်ကို 'တပ်ဖွဲ့ဝင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ